# မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် လျှောက်ထားခြင်း

Certificate of Identity(C of I)

(က) မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံကြောင်း အကျိုးအကြောင်းဖော်ပြရေးသားထားသည့် **လျှောက်လွှာ**။

(ခ) ကိုင်ဆောင်ထားသည့် **နိုင်ငံကူးလက်မှတ်မိတ္တူ**။

(ဂ) ပျောက်ဆုံး/ ခါးပိုက်နှိုက်ခံရသည့် နေရာဒေသရှိ ရဲစခန်းသို့ **တိုင်ကြားစာ**နှင့် ပျောက်ဆုံး/ ခါးပိုက်နှိုက်ကြောင်း **ရဲစခန်းမှထောက်ခံစာ**။

(ဃ) **Form-B တွင် ပြည့်စုံစွာဖြည့်စွက်ပြီး ဓာတ်ပုံ (၂)ပုံကပ်ရန်၊ ထိုးမြဲလက်မှတ်**ရေးထိုးရန်။ (Form-B တွင် လျှောက်ထားသူတို့လိုက်နာရမည့်အချက်များ ပြည့်စုံ၊ မှန်ကန်စွာဖြည့်စွက်ရန် လိုအပ်ပါသည်။)

(င) **နောက်ခံအဖြူရောင်** 33 mm x 45 mm (သို့မဟုတ်) 1.5 x 2 inches အရွယ်ရှိ **ဓာတ်ပုံ (၄)ပုံ**။

(စ) **ကိုယ်ရေးမှတ်တမ်းအကျဉ်းပုံစံ**အား ပြည့်စုံမှန်ကန်စွာဖြည့်စွက်ရန် လိုအပ်ပါသည်။ မသက်ဆိုင်သည့်အချက်များရှိပါက **မရှိကြောင်း** ဖော်ပြပေးရန် လိုအပ်ပါသည်။

(ဆ) နိုင်ငံကူးလက်မှတ်စာအုပ်ဖိုး **ကျသင့်ငွေ တရုတ်ယွမ် (၁၇၀) နှင့် ပြည်ပပျောက်ဒဏ်ကြေး တရုတ်ယွမ် (၅၁၀)** နှင့်အတူ နိုင်ငံကူးလက်မှတ်စာအုပ်အသစ်ရရှိပါက **ပြန်လည်ပေးပို့ခ EMS Return Postage Fee - တရုတ်ယွမ် (၂၂) (ပြည်တွင်းသာ)** ကိုပါ ပူးတွဲထည့်သွင်းပေးပို့ရန်ဖြစ်ပါသည်။

၃။ အထက်ဖော်ပြပါ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိပါက သံရုံးအနေဖြင့် မြန်မာ **နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သို့ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးခွင့်ပြုပါရန်** တင်ပြခြင်း (သို့မဟုတ်) **မြန်မာနိုင်ငံသို့ပြန်နိုင်ရန်အတွက် မြန်မာနိုင်ငံသား မှန်/ မမှန် စိစစ်ပေးပါရန်နှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် ထုတ်ပေးခွင့်ပြုပါရန်** တင်ပြခြင်းများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး **ခွင့်ပြုချက်ရလျှင်ရခြင်း ထုတ်ပေးမည်**ဖြစ်ပါသည်။

၄။ ခွင့်ပြုသည့်ကိစ္စရပ်အလိုက် မြန်မာနိုင်ငံကူးလက်မှတ် (သို့မဟုတ်) မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်များကို ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ထုတ်ပေးသွားမည်ဖြစ်ပါသည်။

# လျှောက်ထားသူလိုက်နာရမည့်အချက်များ

## ဓာတ်ပုံ

၁။ ၆ လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံဖြစ်ရမည်။
၂။ မျက်နှာဧရိယာသည် ဓာတ်ပုံ၏ ၈၀% ရှိရမည်။
၃။ နောက်ခံအဖြူရောင်ဖြစ်ရမည်။
၄။ ဓာတ်ပုံပေါ်ရှိမျက်နှာ၏အရောင်သည် နဂိုမူလအသားအရောင်ဖြစ်ရမည်။
၅။ ထင်ရှားပြတ်သားမှုရှိသောပုံဖြစ်ရမည်။
၆။ မျက်လုံးအနေအထားမှာ-
(က) မျက်လုံးနှစ်ဘက်မှာ တစ်တန်းတည်းဖြစ်ရမည်။
(ခ) မျက်လုံးပေါ်၌ ဆံပင်များ ဖုံးအုပ်နေခြင်းမရှိစေရ။
(ဂ) မျက်နှာသည် နောက်ခံအဖြူရောင်၏ အလယ်တည့်တည့်တွင်ရှိရမည်။
(ဃ) မျက်လုံးပေါ်တွင် အနီစက်၊ အဖြူစက် အလင်းပြန်ခြင်း (Red Eye) မရှိစေရ။
၇။ မျက်နှာအနေအထားသည် တည်ကြည်သော အနေအထားဖြစ်ရမည်။
၈။ နှုတ်ခမ်းအနေအထားသည် ဖွင့်ဟသောအနေအထားမဖြစ်စေရ။
၉။ ဓာတ်ပုံပေါ်တွင် အလင်းပြန်ခြင်းမရှိစေရ။
၁၀။ ဓာတ်ပုံပေါ်တွင် အရိပ်ထင်ခြင်းမရှိစေရ။
၁၁။ မျက်မှန်တပ်သည့်သူများ အရောင်ပြောင်းမျက်မှန် (tinted Lenses) မျက်မှန်ပေါ်တွင် အလင်းမပြန်စေရ၊ မှန်မျက်မှန်ဘောင်မထူစေရ၊ မျက်မှန်ဘောင်(Frames)သည် မျက်လုံးကိုမကွယ်ရ။
၁၂။ ဦးထုပ်ဆောင်း၍ မရိုက်ရ။
၁၃။ အစ္စလာမ်ဘာသာဝင်အမျိုးသမီးများ ခေါင်းဝတ်ပုဝါသည် မျက်နှာပေါ်တွင် အုပ်မိုးခြင်းမရှိစေရ။ အရိပ်ကျနေခြင်းမရှိစေရ။
၁၄။ ဓာတ်ပုံအရွယ်အစားမှာ 35mm x 45 mm ဖြစ်ရမည်။
၁၅။ ဓာတ်ပုံ Resolution မှာ ၆၀၀ ppi ဖြစ်ရမည်။
၁၆။ ဓာတ်ပုံအား CD ROM ဖြင့် Soft Copy ပေးရမည်။